## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၂၉ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်(Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – | ဒေါ်ခင်ဝင်း<br>လုပ်ငန်းရှင် |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – | Hotel Win<br>မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်၊ ရပ်ကွက်ကြီး(၃)၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး။<br>၀၉-၅၁၅၉၈၇၈၊ ၀၉-၅၀၂၉၁၇၁၊ ၀၉-၆၉၄၆၃၈၀၃၃ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – | ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – | ၀.၀၉၁ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – | Hotel Win ၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်၊ ရပ်ကွက်ကြီး(၃)၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | – | စတင်ထုတ်ပေးရက် – ၂၂-၈-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၂၁-၈-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – | Hotel Win ၏ ၂၉-၅-၂၀၂၄ ရက်စွဲပါ ၀၁/EMP/၀၂/၂၀၂၄ စာဖြင့် တင်ပြသည့်**"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)"** |



၁၁.၁၀.၂၀၂၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**ဒေါ်ခင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအတွက် လုပ်ငန်းရှင်ဒေါ်ခင်ဝင်းမှ ၂၉-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၀၁/EMP/၀၂/၂၀၂၄ ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းအဖြစ် ဒေါ်နော်ယွားဟေသားထူးနှင့် ဒေါ်နော်ပုလဲဝါးတို့မှ ရေးသားပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC)ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ခင်ဝင်း၊ လုပ်ငန်းရှင်၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်၊ ရပ်ကွက်ကြီး(၃)၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ၀၉-၅၁၅၉၈၇၈၊ ၀၉-၅၀၂၉၁၇၁၊ ၀၉-၆၉၄၆၃၈၀၃၃ မှ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ရာနှုန်းပြည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဟိုတယ်လုပ်ငန်းဖြစ်ပြီး တန်ဖိုးငွေမှာ ကျပ်သိန်း(၁၅,၀၀၀)ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းမှာ ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းစတင် လည်ပတ်ခဲ့ပါသည်။ ဟိုတယ်၏ စီမံကိန်းဧရိယာအကျယ်အဝန်းမှာ ၀.၀၉၁ ဧက ကျယ်ဝန်းပြီး မြို့ဂရန်မြေအမျိုးအစားဖြစ်ပြီး မြေအသုံးပြုခွင့်ကာလ(၃၀)နှစ် သက်တမ်းရှိလုပ်ငန်း ဖြစ်ပါသည်။ ဟိုတယ်ဧရိယာအတွင်းရှိ အဆောက်အဦများ နေရာချထားမှုအနေဖြင့် Office(၁)ခန်း၊ Lobby Room + Reception(၁)ခန်း၊ Toilet(Ground Floor)(၁)ခန်း၊ Store(၁)ခန်း၊ Guest Room(နှစ်ယောက်ခန်း)(၃၆)ခန်း၊ Guest Room(သုံးယောက်ခန်း)(၁)ခန်း၊ Guest Room(လေးယောက်ခန်း)(၁)ခန်း၊ Laundry(၁)ခန်း၊ Dinning Room(၁)ခန်း၊ Kitchen(၁)ခန်း၊ Toilet(Roof Floor)(၁)ခန်း၊ Parking(၁)ဆောင်၊ Electrical Control Room(၁)ခန်း စသည်တို့ဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ စွန့်ပစ်ပစ္စည်းထွက်ရှိမှုမှာ တစ်နှစ်လျှင် အစိုင်အခဲစွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနေဖြင့် Guest Rooms မှ ထွက်ရှိသော ရေသန့်ဘူးခွံ၊ တစ်ရှူး၊ ညှော်သည်များမှ စွန့်ပစ်သည့်အမှိုက်များ၊ စားဖိုဆောင်မှ ထွက်ရှိသည့်အမှိုက်များ စုစုပေါင်းတန်ချိန်(၁၇)တန်ခန့်၊ အရည်စွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနေဖြင့် Guest Rooms, Laundry နှင့် Kitchen မှ ထွက်ရှိသော စွန့်ပစ်ရေ(၈၆၆,၈၇၅) ဂါလန်နှင့် အခိုးအငွေ့ထွက်ရှိမှုအနေဖြင့် Kitchen နှင့် မီးစက်အသုံးပြုမှုမှာ (၃၀၀,၀၀၀)ကုဗမီတာ

ထွက်ရှိမည်ဖြစ်ပြီး စွန့်ပစ်အမှိုက်များအား ခွဲခြားသတ်မှတ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက် စွန့်ပစ်သွားမည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ ကုန်ကြမ်းအသုံးပြုရာတွင် ရေအသုံးပြုမှုအနေဖြင့် Guest Rooms၊ Laundary Room နှင့် Kitchen မှ လိုအပ်သည့် သုံးရေနှင့်ချိုးရေကို ဟိုတယ်ဝန်းအတွင်းရှိ အဝီစိတွင်းရေမှ အသုံးပြုမည်ဖြစ်ပြီး ဟိုတယ်ခေါင်မိုးထပ်တွင် ဂါလန်(၂၀၀၀) ဆံ့ ရေလှောင်ကန်(၆)လုံးနှင့် မြေညီထပ်၏အောက်ခြေတွင် ရေလှောင်ကန်(၁)ကန်တွင် သိုလှောင်၍ တစ်နှစ်လျှင် ခန့်မှန်း ဂါလန်(၈၆၆,၈၇၅)အသုံးပြုသွားမည်ဖြစ်ပြီး သောက်သုံးရေအတွက် ပြင်ပမှ ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင် သောက်ရေသန့် ဂါလန်(၃၄,၆၇၅)ခန့် အသုံးပြုသွားမည် ဖြစ်ပါသည်။ စွမ်းအင်အသုံးပြုမှုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပြင်ဦးလွင်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ 400 KVA Transformer Solar Energy –33 KW ဖြင့် အသုံးပြုမည်ဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် အရန်မီးစက် 220 Generator ဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။ လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် ဓာတ်လှေကား အသုံးပြုခြင်း၊ အခန်းများအတွင်း မီးများ ထွန်းခြင်း၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ အားသွင်းခြင်းကို ဆိုလာစနစ်ဖြင့် သုံးစွဲမည်ဖြစ်ပြီး အရေးပေါ်လိုအပ်သည့်အချိန်မှသာ မီးစက်ကို အသုံးပြုသွားမည် ဖြစ်ပါသည်။ တစ်နှစ်လျှင် ခန့်မှန်း လောင်စာဆီ ဂါလန်(၅၀၀)ခန့်နှင့် အင်ဂျင်ဝိုင်(၁၅)ဂါလန်ခန့် အသုံးပြုသွားမည်ဖြစ်ပါသည်။ စက်ပစ္စည်းအသုံးပြုမှုအနေဖြင့် လုပ်ငန်းလည်ပတ်သည့်ကာလတွင် Transformer၊ Solar၊ Backup၊ Generator၊ Elevator တို့ကို အသုံးပြုသွားမည် ဖြစ်ပါသည်။ ဝန်ထမ်းအင်အားအနေဖြင့် ဝန်ထမ်း (၁၉)ဦးဖြင့် တစ်ရက်လျှင် အလုပ်လုပ်ချိန်(၈)နာရီနှုန်းဖြင့် အဆိုင်း(၃)ဆိုင်းဖြင့် လည်ပတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်တွင် တည်ရှိပါသည်။


ဒေါ်ခင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း တည်နေရာပြမြေပုံ




**Legend**


hotel win (22° 1' 41.08"N, 96° 27' 42.39"E)


ဒေါ်ခင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း တည်နေရာပြမြေပုံ



ဒေါ်ခင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၏


Ground Floor and 1$^{st}$ Floor Layout Plan




## ဒေါ်ခင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၏


## 2nd Floor and 3rd Floor Layout Plan



ဒေါ်ခင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်(၅)၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနှင့် စာရေးတန်းလမ်းထောင့်ရှိ မြေဧရိယာ(၀.၀၉၁)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Hotel Win ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၏

**Ground Floor Layout Plan**



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ၂၉-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၀၁/EMP/၀၂/၂၀၂၄ ၂၀၂၄)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့်အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ရာနှုန်းပြည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဟိုတယ်လုပ်ငန်းဖြစ်ပြီး တန်ဖိုးငွေမှာ ကျပ်သိန်း(၁၅,၀၀၀)ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းမှာ ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းစတင်လည်ပတ်ခဲ့ပါသည်။ ဟိုတယ်၏ စီမံကိန်းရေိယာအကျယ်အဝန်းမှာ ၀.၀၉၁ ဧက ကျယ်ဝန်းပြီး မြို့ဂရန်မြေအမျိုးအစားဖြစ်ပြီး မြေအသုံးပြုခွင့်ကာလ (၃၀)နှစ် သက်တမ်းရှိလုပ်ငန်း ဖြစ်ပါသည်။ ဟိုတယ်ရေိယာအတွင်းရှိ အဆောက်အဦများ နေရာချထားမှုအနေဖြင့် Office(၁)ခန်း၊ Lobby Room + Reception (၁)ခန်း၊ Toilet (Ground Floor)(၁)ခန်း၊ Store(၁)ခန်း၊ Guest Room (နှစ်ယောက်ခန်း) (၃၆)ခန်း၊ Guest Room (သုံးယောက်ခန်း)(၁)ခန်း၊ Guest Room လေးယောက်ခန်း) (၁)ခန်း၊ Laundry(၁)ခန်း၊ Dinning Room(၁)ခန်း၊ Kitchen(၁)ခန်း၊ Toilet(Roof Floor)(၁)ခန်း၊ Parking(၁)ဆောင်၊ Electrical Control Room(၁)ခန်း စသည်တို့ဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ စွန့်ပစ်ပစ္စည်းထွက်ရှိမှုမှာ တစ်နှစ်လျှင် အစိုင်အခဲစွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနေဖြင့် Guest Rooms မှထွက်ရှိသော ရေသန့်ဘူးခွံ၊ တစ်ရှူး၊ ဧည့်သည်များမှ စွန့်ပစ်သည့်အမှိုက်များ၊ စားဖိုဆောင်မှ ထွက်ရှိသည့်အမှိုက်များ စုစုပေါင်းတန်ချိန်(၁၇)တန်ခန့်၊ အရည်စွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနေဖြင့် Guest Rooms, Laundry နှင့် Kitchen မှ ထွက်ရှိသော စွန့်ပစ်ရေ(၈၆၆,၈၇၅)ဂါလန်နှင့် အခိုးအငွေ့ ထွက်ရှိမှုအနေဖြင့် Kitchen နှင့်မီးစက်အသုံးပြုမှုမှာ (၃၀၀,၀၀၀)ကုဗမီတာ ထွက်ရှိမည်ဖြစ်ပြီး စွန့်ပစ်အမှိုက်များအား ခွဲခြားသတ်မှတ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက် စွန့်ပစ်သွားမည်ဖြစ်ပါသည်။

(ဂ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆောက်အဦ တည်ဆောက်ရေးကာလတွင် စက်ယန္တရားများ၏ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို မကြာခဏ စစ်ဆေးပြုပြင် ဆောင်ရွက်ရန်၊

(၂) ဖုန်မှုန့်ပျံ့လွင့်မှု လျှော့နည်းစေရန် လိုအပ်သည့်နေရာများအား ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၃) စားဖိုဆောင်အတွင်း အစားအသောက်ချက်ပြုတ်ရာမှ ထွက်ရှိလာမည့် ညှော်နံ့များကြောင့် လေထုညစ်ညမ်းမှု မဖြစ်စေရန် မီးခိုး၊ ညှော်နံ့များကို စုပ်ယူ၍ လေကိုသန့်စင်ပြီးမှ မီးခိုးခေါင်တိုင်မှ ထုတ်လွှတ်ရန်နှင့် လေဝင်လေထွက်ကောင်းစေရန် Exhaust Fan များ တပ်ဆင်ရန်၊

(၄) မီးစက်အား ပုံမှန် စစ်ဆေး ပြုပြင်ခြင်းများ ဆောင်ရွက်ရန်နှင့် အသံလုံစနစ်များ တပ်ဆင်ရန်။

(ဃ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆောက်အဦ ဖြိုဖျက်ခြင်း လုပ်ငန်းများတွင် ယာဉ်နှင့် ယန္တရားများ အသုံးပြုရန်နှင့် ဖြိုဖျက်ပြီးအမှိုက်များအား သယ်ယူပို့ဆောင်ခြင်းမှ ဖုန်၊ သေးငယ်သောအမှုန်များနှင့် ယာဉ်အိတ်ဇောမှ ဓာတ်ငွေ့များထွက်ခြင်းမှ ကာကွယ်ရန်အတွက် လုပ်ငန်းခွင်နေရာနှင့်လမ်းအား နေ့စဉ်(သို့) လိုအပ်သည့်အခါတိုင်း ရေဖျန်းခြင်းနှင့် ရွှေ့ပြောင်းသယ်ဆောင်သည့် ကားအရေအတွက်နှင့် အကြိမ်အရေအတွက်ကို လျှော့ချရန်အတွက် ပစ္စည်းများကို စနစ်တကျ တင်ဆောင်ရန်၊

(၂) သစ်ပင်များအား ပြန်လည် စိုက်ပျိုးရန်။

(င) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဧည့်သည်နှင့်ဝန်ထမ်းသုံး စွန့်ပစ်ရေ၊ စားဖိုဆောင်နှင့်ယာဉ်များမှ ထွက်ရှိသောဆေးကြောရေများကြောင့် အနီးဝန်းကျင်ရှိ ရေအရည်အသွေး ညစ်ညမ်းခြင်းမှ လျှော့ချရန်အတွက် စွန့်ပစ်ရေဆိုးများကို အနည်ထိုင်သန့်စင်စေပြီးမှ ပြင်ပစည်ပင်သာယာရေမြောင်းထဲသို့ စနစ်တကျ စွန့်ပစ်ရန်၊

(၂) မြေအောက်ရေထိခိုက်မှု လျှော့နည်းစေရန်နှင့် ညစ်ညမ်းပစ္စည်းများ ယိုစိမ့်မှုတားဆီးနိုင်ရန် ဟိုတယ်ဝန်းအတွင်းရှိ ရေမြောင်းများအား ရေမစိမ့်ဝင်နိုင်သော concrete များဖြင့် ပြုလုပ်ရန်။

(စ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆောက်အဦဖြိုဖျက်ခြင်း လုပ်ငန်းများတွင် ယာဉ်နှင့်ယန္တရားများ အသုံးပြုရန်နှင့် ယာဉ်နှင့်ယန္တရားများမှ ဆီများ ယိုဖိတ်ပါက အနီးဝန်းကျင်ရှိ ရေအရည်အသွေးပြောင်းလဲခြင်းနှင့် ဖြိုဖျက်ပြီးအမှိုက်များ ရေမြောင်းအတွင်း စွန့်ပစ်မှုကြောင့် ရေမြောင်းပိတ်ဆို့ခြင်း မဖြစ်စေရန်အတွက် ရေမြောင်းအတွင်းသို့ ဖြိုဖျက်ပြီးအမှိုက်များ စွန့်ပစ်ခြင်းအား တားမြစ်ရန်၊

(၂) ဖြိုဖျက်ခြင်းလုပ်ငန်းသုံး ယာဉ်နှင့် စက်ပစ္စည်းများအား ပုံမှန် စစ်ဆေးရန်နှင့် ပြုပြင်ထိန်းသိမ်းရန်။

(ဆ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးစက်များကို အသံလုံခန်းနှင့် ညှော်သည်များ တည်းခိုရာနေရာနှင့် အဝေးတွင်ထားရှိရန်၊

(၂) ဆူညံသံထွက်ရှိသော လုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအား ဆူညံသံထွက်ရှိမှုနှင့်ပတ်သက်၍ ထိန်းသိမ်းရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ စနစ်တကျ သုံးစွဲရန်၊

(၄) မီးစက်များအား လစဉ် စစ်ဆေးရန်နှင့် ပြုပြင် ထိန်းသိမ်းခြင်းများ ပုံမှန်ဆောင်ရွက်ရန်၊

(၅) စက်များအား လိုအပ်မှသာ အသုံးပြုရန်နှင့် အသုံးပြုရန် မလိုအပ်ပါက ပိတ်ထားရန်။

(ဇ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ တစ်ပြိုင်နက် အသုံးပြုရန်နှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၂) ယာဉ်/စက်များအား အသုံးမပြုပါက စက်နှိုးထားခြင်းများ မပြုလုပ်ရန်၊

(၃) ဟိုတယ်ဝန်းအတွင်းသို့ ဝင်ထွက်သွားလာနေသော ယာဉ်များအား အရှိန်လျှော့ချမောင်းနှင်ရန်အတွက် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရန်။

(ဈ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် မြေအရည်အသွေး စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယာဉ်နှင့်စက်ယန္တရားများ မောင်းနှင်ခြင်းမှ စက်ဆီနှင့်ချောဆီများ ယိုဖိတ်ခြင်းများ ဖြစ်ပေါ်လာပါက ရေဖြင့် ဆေးကြောခြင်းများ မပြုလုပ်ဘဲ ဆီများကို စုပ်ယူနိုင်သည့် လွှစာမှုန့်များ ကဲ့သို့သော ဆီများကိုစုပ်ယူနိုင်သည့် ပစ္စည်းများကို အသုံးပြု၍ ရှင်းလင်းရန်၊

(၂) ဟိုတယ်ဝန်းအတွင်းရှိ မြေကွက်လပ်များတွင် မြေဆီလွှာတိုက်စားခံရမှုကို ရှောင်နိုင်ရန်အတွက် မြေကွက်လပ်များရှိ သစ်ပင်များအား အကြောင်းမဲ့နုတ်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ခုတ်လှဲခြင်းများ ဆောင်ရွက်ခြင်းမပြုရန်၊

(၃) ဟိုတယ်တည်ဆောက်စဉ်အတွင်း Foundation တူးဖော်သည့်အခါ သဘာဝမြေဆီလွှာများ ပျက်စီးမသွားစေရန် ထိန်းသိမ်းရန်နှင့် လိုအပ်သော နေရာများတွင် ပြန်လည် မြေဖို့ခြင်းများ ဆောင်ရွက်ရန်၊

(၄) အရန်မီးစက်နှင့် ဆီပီပါ ထားရှိသည့်နေရာအား ကွန်ကရစ်များခင်းရန်နှင့် အမျိုးအစားခွဲခြား၍ စွန့်ပစ်နိုင်ရန်အတွက် သတ်မှတ်အမှိုက်ပုံးများ ထားရှိရန်။

(ဧ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် မြေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဟိုတယ်ဝန်းအတွင်းရှိ မြေကွက်လပ်များတွင် မြေဆီလွှာတိုက်စားခံရမှုကို ရှောင်နိုင်ရန်အတွက် မြေကွက်လပ်များရှိ သစ်ပင်များအား အကြောင်းမဲ့နုတ်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ခုတ်လှဲခြင်းများမှ မပြုလုပ်ရန်၊

(၂) လုပ်ငန်းဖျက်သိမ်းစဉ်အတွင်း အဆောက်အဦများ ဖြိုဖျက်ရာမှ သဘာဝမြေဆီလွှာများ ပျက်စီးမသွားစေရန် ထိန်းသိမ်းရန်နှင့် လိုအပ်သောနေရာများတွင် ပြန်လည်မြေဖို့ခြင်းများ ဆောင်ရွက်ရန်။

(ဈ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် စွန့်ပစ်ပစ္စည်း(အမှိုက်)စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်ပုံးများအား သတ်မှတ်ထားသောနေရာများတွင် လုံလောက်စွာ ထားရှိရန်၊

(၂) ဟိုတယ်ခန်းများနှင့် စားသောက်ခန်းအတွင်း အမှိုက်ပုံးများ လုံလောက်စွာ ထားရှိရန်နှင့် စွန့်ပစ်ပစ္စည်းများအား အမျိုးအစား ခွဲခြားစွန့်ပစ်၍ သတ်မှတ်ထားသော အမှိုက်အိတ်အတွင်း သီးခြားသိမ်းဆည်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဖြင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(၃) မိလ္လာအညစ်အကြေးများ စွန့်ပစ်ရန်အတွက် Septic Tank များအား Biological Treatment နည်းဖြင့် စနစ်တကျ တည်ဆောက်ရန်၊

(၄) အီလက်ထရွန်နစ်ပစ္စည်းများအား သက်တမ်းကုန်ဆုံးသည်အထိ အသုံးပြုရန်နှင့် ထုတ်ကုန်အသစ် လိုအပ်မှု လျှော့ချရန်အတွက် အီလက်ထရွန်နစ် ပစ္စည်း အဟောင်းများကို ပြန်လည် မွမ်းမံအသုံးပြုခြင်းများ ဆောင်ရွက်ရန်၊

(၅) အသုံးပြု၍ရသော အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းအဟောင်းများအား လိုအပ်သည့် နေရာများတွင် အသုံးပြုရန်နှင့် အသုံးပြု၍ မရပါက သတ်မှတ်ထားသော စွန့်ပစ်နေရာများတွင် စနစ်တကျ စွန့်ပစ်ရန်။

(ည) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် စွန့်ပစ်ပစ္စည်း(အမှိုက်)စီမံခန့်ခွဲမှု။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ယာယီ အမှိုက်ပုံးများကို လုံလောက်စွာ ထားရှိရန်၊

(၂) ပြန်လည် အသုံးပြုနိုင်သော အမှိုက်များအား ခွဲခြား သိမ်းဆည်း၍ ပြန်လည် ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၃) အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်ရန်။

(ဋ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား ဟိုတယ်တည်ဆောက်စဉ်ကာလနှင့် လည်ပတ်သည့်ကာလတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ စနစ်တကျ အသုံးပြုရန်၊ စက်ယန္တရားများနှင့် မော်တော်ယာဉ်မောင်းနှင်ခြင်းများမှ ဖုန်မှုန့်ပျံ့လွင့်မှု လျှော့နည်းစေရန် ရေဖျန်းရန်နှင့် စက်ပစ္စည်းတစ်ခုစီတိုင်း၏ အပေါ်တွင် လေစုပ်ပိုက်၊ Blower Fan နှင့် Dust Filter Silo များ တပ်ဆင်ထားရန်၊

(၂) ဟိုတယ်ခန်းများ သန့်ရှင်းရေးဆောင်ရွက်ရာတွင် သန့်ရှင်းရေးသုံး ဆေးရည်များရှိ ဓာတုပစ္စည်းများနှင့် တိုက်ရိုက်ထိတွေ့မှု မရှိစေရန် ဝန်ထမ်းများအား လက်အိတ်နှင့် နှာခေါင်းစည်းများ ဝတ်ဆင်ပြီးမှ ဆောင်ရွက်ရန်။

(ဌ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထိခိုက်ဒဏ်ရာရနိုင်သော နေရာများတွင် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများနှင့် လိုက်နာရန် အချက်များအား မြင်သာသောနေရာတွင် ထားရှိရန်၊

(၂) လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ထားရှိရန်နှင့် စနစ်တကျ ဝတ်ဆင်ဆောင်ရွက်ရန်။

(ဍ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု။** တစ်ဖက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်၍ မီးဘေးအန္တရာယ် ကာကွယ်ရေးအစီအစဉ်သင်တန်းများ တက်ရောက်နိုင်ရေး ဆောင်ရွက်ရန်၊

(၂) ဟိုတယ်အတွင်း လုံလောက်သော မီးငြိမ်းသတ်ကိရိယာ၊ မီးသတ်ဆေးဘူး များနှင့် မီးအချက်ပေးစနစ်များ တပ်ဆင်ထားရှိရန်၊

(၃) စီးကရက်နှင့် မီးအကြွင်းအကျန်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း မရှိစေရေး ဆောင်ရွက်ရန်၊

(၄) ဟိုတယ်အတွင်း လျှပ်စစ်ဝါယာကြိုးများ ပေါက်ပြဲမှု ရှိ/မရှိ ပုံမှန် စစ်ဆေးရန်နှင့် စနစ်တကျ သုံးစွဲတတ်စေရန် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) ဟိုတယ်နှင့် အနီးဝန်းကျင်ရှိ မီးဘေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက အချိန်မီ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) ဟိုတယ်ခန်းတစ်ခန်းချင်းစီတွင် Breaker များ တပ်ဆင်ခြင်း၊ Smoke detector များနှင့် Water Sprinkler များ တပ်ဆင်ရန်နှင့် မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဃ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း မီးငြိမ်းသတ်ကိရိယာများ လုံလောက်စွာ ထားရှိရန်၊

(၂) မီးလောင်လွယ်သော စွန့်ပစ်ပစ္စည်းများအား သီးခြားသိမ်းဆည်း၍ သတ်မှတ် အမှိုက်ပုံတွင် စွန့်ပစ်ရန်။

(ဏ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားကြီးများနှင့် အသေးစားစက်ပစ္စည်းကိရိယာများ လုပ်ကိုင်နေသော ဝန်ထမ်းများအား မတော်တဆ ထိခိုက်မှုများ၊ ဝါယာကြိုးများ ပေါက်ပြဲခြင်းများ မဖြစ်ပေါ်စေရန် စက်ပိုင်းဆိုင်ရာ တာဝန်ရှိသူများမှ စနစ်တကျ စစ်ဆေးရန်နှင့် လျှပ်စစ်နှင့်ပတ်သက်သော ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ကျွမ်းကျင် ဝန်ထမ်းများအား တာဝန်ပေး၍ လျှပ်စစ်နှင့်ပတ်သက်သော သင်တန်း ပို့ချခြင်းများ ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း လိုအပ်သောနေရာများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်။

(ဘ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း မီးငြိမ်းသတ်ကိရိယာများ လုံလောက်စွာ ထားရှိရန်၊

(၂) မီးလောင်လွယ်သော စွန့်ပစ်ပစ္စည်းများအား သီးခြားသိမ်းဆည်း၍ သတ်မှတ်အမှိုက်ပုံတွင် စွန့်ပစ်ရန်။

(မ) **စောင့်ကြပ်ကြည့်ရှုမှု စီမံခန့်ခွဲမှု။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် CO, $NO_2$, $PM_{10}$, $PM_{2.5}$, $SO_2$, $O_3$ စသည့် ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၁၄)သိန်းအား အသုံးပြုရန်၊

(၂) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် Noise level အား dBAဖြင့်ဖော်ပြပြီး (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၁)သိန်းအား အသုံးပြုရန်၊

(၃) မြေပေါ်ရေနှင့်စွန့်ထုတ်ရေအရည်အသွေး စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် COD, BOD, TSS, Oil & Grease, pH, TP, Total coliform bacteria, Total nitrogen, Total suspended solids စသည့်ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၄)သိန်းအား အသုံးပြုရန်၊

(၄) မြေအောက်ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် pH, Color(True), Turbidity, Total Hardness, Iron(total), Cl, $SO_4$, TS, TDS, As, CN, Zn, Cu, Zn, Cu, F, Pb စသည့်ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၄)သိန်းအား အသုံးပြုရန်၊

(၅) မြေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် Arsenic, Ca, Cyanide, Fe, Pb, Hg, P စသည့်ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၂)သိန်းအား အသုံးပြုရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် အမှိုက်ပုံး၊ ရေဆိုးစွန့်ပစ်ကျင်းမြောင်း Kitchenနှင့် မီးစက်များထားရှိရာနေရာတို့တွင် (၆)လလျှင်(၁)ကြိမ် စောင့်ကြပ်ကြည့်ရှုရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၃)သိန်းအား အသုံးပြုရန်၊

(၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် ဟိုတယ်ဧရိယာအတွင်းနှင့်အနီးပတ်ဝန်းကျင်တွင် အန္တရာယ် ကျရောက်နိုင်မည့် အခြေအနေ၊ အရင်းအမြစ်များနှင့် ကာကွယ်ရေးပစ္စည်းများ ဝန်ထမ်းအားလုံး အသုံးပြုမှုရှိ/မရှိအား (၆)လလျှင်(၁)ကြိမ် စောင့်ကြပ်ကြည့်ရှုရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၁၀)သိန်းအား အသုံးပြုရန်၊

(၈) ဂေဟစနစ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် ဟိုတယ်ဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းမန်များနှင့် သားရဲတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြပ် ကြည့်ရှုရန်နှင့် လျာထား အသုံးစရိတ်အနေဖြင့် ကျပ်(၃)သိန်းအား အသုံးပြုရန်၊

(၉) လူမှုဝန်းကျင်ထိခိုက်မှုနှင့်ဆိုင်သော စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် ဟိုတယ်ဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်များတွင် ဆူညံသံ၊ အနံ့၊ ဖုန်မှုန့်ပျံ့လွင့်မှု၊ လေအရည်အသွေး၊ မြေအရည်အသွေး၊ ရေအရည်အသွေး ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ ရှိ/မရှိနှင့် စစ်ဆေးမှုများ ပြုလုပ်ရန်၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ဝန်ထမ်းများ၏ လူမှုစီးပွားဘဝ(ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး)လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသလိုအပ်ချက်နှင့်ချိန်ညှိ၍ လူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် (၆)လလျှင်(၁)ကြိမ် စောင့်ကြပ်ကြည့်ရှုရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၃)သိန်းအား အသုံးပြုရန်၊

(၁၀) သစ်ပင်စိုက်ခင်းများ ပြန်လည်စိုက်ပျိုးမည့် အစီအစဉ်နှင့် ပတ်သက်၍ လုပ်ငန်းလည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းစိုပြေရေးနှင့် သစ်ပင်များကာကွယ်စေရန် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုကိုခံယူ၍ လမ်းဘေးဝဲယာများတွင် သစ်ရွက်ဆွေး၊ မြေဆွေးများရောစပ်၍ မြေမျက်နှာပြင် ပြန်လည်ပြုပြင်ပြီးသည့်အခါ သဘာဝပတ်ဝန်းကျင် ပြန်လည် ပြုစုပျိုးထောင်နိုင်ရေးအတွက်

ဒေသနှင့်ကိုက်ညီသော သစ်ပင်များအား ပြန်လည်စိုက်ပျိုးခြင်းအတွက် လျာထား အသုံးစရိတ်အနေဖြင့် ကျပ်(၄)သိန်းအား အသုံးပြုရန်။

(ဒ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဓ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(န) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ်(၃,၄၀၀,၀၀၀) သုံးစွဲရန်၊

(၂) ထိခိုက်မှုလျော့ပါးရေးအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ်(၂,၆၀၀,၀၀၀) သုံးစွဲရန်၊

(၃) အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၄) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ ကျပ်(၅၀၀,၀၀၀)သုံးစွဲရန်၊

(၅) အများပြည်သူအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ ကျပ် (၁,၅၀၀,၀၀၀) သုံးစွဲရန်၊

(၆) လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ်(၁,၆၀၀,၀၀၀) သုံးစွဲရန်၊

(၇) လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက် သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။
အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈–၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ် အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင် ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်း လည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရေခဲသေတ္တာများ၊ Freezer များနှင့် လေအေးပေးစက်များ၌ အသုံးပြုသည့် Gas များတွင် အိုဇုန်းလွှာကို ထိခိုက်စေနိုင်သည့် CFCs, HCFCs ဓာတ်ငွေ့ အစားထိုးအိုဇုန်းလွှာကို ထိခိုက်မှုလျော့နည်းစေသော HFCs ဓာတ်ငွေ့များ (ဥပမာ– R-124a, R-152a, R-22 etc.) သုံးသည့် စက်ပစ္စည်းများကို ရွေးချယ်တပ်ဆင်အသုံးပြုရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် –

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံ စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ် ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံ ဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို လျှော့ချဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ် တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) ဟိုတယ်နှင့်ခရီးသွားလာမှုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ တားမြစ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများအား ရောင်းချခြင်း၊ အရိပ်ရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးရာတွင် ဒေသ၏ ဂေဟစနစ်ကို အထောက်အပံ့ပေးနိုင်သည့် ဒေသမျိုးရင်းပင်များကို ရွေးချယ်စိုက်ပျိုးရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဟိုတယ်လုပ်ငန်းဆောင်ရွက်မှုကြောင့် ယာဉ်သွားလာမှုအပေါ် အနှောင့်အယှက် မဖြစ်စေရေးနှင့် မတော်တဆ ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့ကို အလေးထား ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အစီအမံများထားရှိဆောင်ရွက်ရန်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင် အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည် ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) တည်းခိုအပန်းဖြေရန် လာရောက်သည့် ယာဉ်များကြောင့် ယာဉ်သွားလာမှု အပေါ် အနှောင့်အယှက် မဖြစ်စေရေးနှင့် မတော်တဆထိခိုက်မှုများ မဖြစ်ပေါ် စေရေးတို့ကို အလေးထား ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အစီအမံများ ထားရှိ ဆောင်ရွက်ရန်၊

(၄) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်း ပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက် နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်း ကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိ စေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူ ကြီးကြပ် ဆောင်ရွက်ရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီး ဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်း အလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသောညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော(သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထု တစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု များကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြ ရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်း အဆို ပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်

လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဈ) **လူမှုတာဝန်သိ အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ည) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုး သက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက် မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ တွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်း ကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာ မှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှု နိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင် ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း

စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့် အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက် နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း

လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြား စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၄) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရန်ပုံငွေ ထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍(၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး၂နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ် ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စား ဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်

ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---